**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

**အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန**

**ကြေညာချက်အမှတ်၊ ၁ /၂၀၂၁**

**၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄ ရက်**

**(၂၀၂၁ ခုနှစ်၊ ဇွန်လ ၈ ရက်)**

အကြောင်းအရာ။ **ရေးဖြေစာမေးပွဲများ ကျင်းပမည့်ရက် အသိပေးကြေညာခြင်း**

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာနမှ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့၌ နိုင်ငံပိုင်သတင်းစာ(မြန်မာ့အလင်း)တွင် ကြော်ငြာခေါ်ယူခဲ့သော လစ်လပ်လျက်ရှိသည့် အမှုထမ်းရာထူးနေရာ(၃၆)နေရာမှ ဒုတိယဦးစီးမှူး (မှတ်တမ်းပြုပြင်ရေးမှူး)၊ အငယ်တန်းအင်ဂျင်နီယာ-၂၊ မော်ကွန်းထိန်းလက်ထောက်-၃ နှင့် အငယ်တန်းစာရေး ရာထူးနေရာများအတွက် ရေးဖြေစာမေးပွဲကို ၃-၇-၂၀၂၁ ( စနေနေ့ )တွင် မြန်မာစာ၊ အင်္ဂလိပ်စာ နှင့် အထွေထွေဗဟုသုတများကို နံနက်( ၀၉:၀၀ မှ ၁၂:၀၀ )နာရီအထိ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန(နေပြည်တော်)တွင် ကျင်းပစစ်ဆေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ လုံခြုံရေး-၅၊ ယာဉ်မောင်း-၅ နှင့် သန့်ရှင်းရေးအကူ ရာထူးနေရာများအတွက် နှုတ်ဖြေစာမေးပွဲကို အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန(နေပြည်တော်)တွင် ၄ - ၇ -၂၀၂၁ (တနင်္ဂနွေနေ့) နံနက်(၁၀:၀၀) နာရီတွင် ကျင်းပမည်ဖြစ်ပါသည်။

၃။ ဖြေဆိုသူများအတွက် ဖြေဆိုခွင့်ကဒ်ပြားများကို ၃၀-၆-၂၀၂၁ မှ ၂-၇-၂၀၂၁ နေ့ရက်အထိ (၁၀:၀၀ နာရီ မှ ၁၆:၀၀ နာရီအတွင်း) ထုတ်ပေးသွားမည်ဖြစ်ပြီး စာမေးပွဲ ခုံအမှတ်စာရင်းကို စီမံကိန်း နှင့် ဘဏ္ဍာရေးဝန်ကြီးဌာန Website နှင့် အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက် ဦးစီးဌာန၏ Website ဖြစ်သည့် www.nam.gov.mm တို့တွင် ၉-၆-၂၀၂၁ ရက်နေ့မှစ၍ အသိပေးကြေညာမည်ဖြစ်ပြီး ဖြေဆိုသူများအနေဖြင့် မိမိတို့ သိရှိလိုသည်များကို အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန(နေပြည်တော်)(ဖုန်း၊ ၀၆၇ - ၃၄၁၈၃၈၆)နှင့် ရန်ကုန်ရုံးခွဲ (ဖုန်း၊ ၀၁ - ၃၇၀၇၇၈) သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာနမှ ခေါ်ယူထားသော လစ်လပ်လျက်ရှိသည့် အမှုထမ်းရာထူးနေရာ(၃၆)နေရာအတွက် အသိပေးကြေညာချက်

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနမှ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့၌ နိုင်ငံပိုင်သတင်းစာ(မြန်မာ့အလင်း)တွင် ကြော်ငြာခေါ်ယူခဲ့သော လစ်လပ်လျက်ရှိသည့် အမှုထမ်းရာထူးနေရာ(၃၆)နေရာမှ ဒုတိယဦးစီးမှူး (မှတ်တမ်းပြုပြင်ရေးမှူး)၊ အငယ်တန်းအင်ဂျင်နီယာ-၂၊ မော်ကွန်းထိန်းလက်ထောက်-၃ နှင့် အငယ်တန်းစာရေးရာထူးနေရာများ အတွက် ရေးဖြေစာမေးပွဲကို အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန(နေပြည်တော်)၌ ၃-၇-၂၀၂၁(စနေနေ့)တွင် ကျင်းပသွားမည်ဖြစ်ပြီး နိုင်ငံပိုင်သတင်းစာ(မြန်မာ့အလင်း)တွင်လည်း ထည့်သွင်းကြေညာသွားမည်ဖြစ်ပါသည်။ လျှောက်လွှာပိတ်ရက်ဖြစ်သည့်(၁၂-၃-၂၀၂၁) ရက်နေ့ တွင် ကြော်ငြာပါ အသက် သတ်မှတ်ချက်အထက်ကျော်လွန်နေသူများ၊ ကြော်ငြာပါ အရည်အချင်း သတ်မှတ်ချက်နှင့် မညီညွတ်သူများ၊ စာရွက်စာတမ်းလိုအပ်ချက်ရှိသူများနှင့် ဖြေဆိုခွင့် ရရှိသူများ၏ ခုံအမှတ်စာရင်းတို့ကို အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန (နေပြည်တော်ရုံးချုပ်)တွင် လည်းကောင်း၊ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန(ရန်ကုန်ရုံးခွဲ)တွင် လည်းကောင်း၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန၏ Website ဖြစ်သည့် www.nam.gov.mm တွင် လည်းကောင်း ဖော်ပြထားပါသည်။

၂။ ဒုတိယဦးစီးမှူး (မှတ်တမ်းပြုပြင်ရေးမှူး)၊ အငယ်တန်းအင်ဂျင်နီယာ-၂၊ မော်ကွန်းထိန်း လက်ထောက်-၃ နှင့် အငယ်တန်းစာရေး ရာထူးနေရာများ၏ ရေးဖြေစာမေးပွဲအတွက် ဖြေဆိုခွင့် ကတ်ပြားများကို အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန ဥတ္တရသီရိမြို့နယ်၊ ရာဇသင်္ဂဟ လမ်း၊ ကုမုဒြာကြာပန်းအဝိုင်းအနီး၊ နေပြည်တော်၌ ၃၀-၆-၂၀၂၁ ရက်နေ့မှ ၂-၇-၂၀၂၁ ရက်နေ့ အထိ (၁၀:၀၀ မှ ၁၆:၀၀)နာရီအထိ (ရုံးချိန်)အတွင်း ထုတ်ပေးသွားမည်ဖြစ်ပါသည်။

၃။ လုံခြုံရေး-၅၊ ယာဉ်မောင်း-၅ နှင့် သန့်ရှင်းရေးအကူ ရာထူးနေရာများအတွက် နှုတ်ဖြေ စာမေးပွဲကို အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန(နေပြည်တော်)၌ ၄-၇-၂၀၂၁ (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်ပါသည်။

ဒုတိယဦးစီးမှူး(မှတ်တမ်းပြုပြင်ရေးမှူး)၊ အငယ်တန်းအင်ဂျင်နီယာ-၂၊ မော်ကွန်းထိန်းလက်ထောက်-၃ နှင့် အငယ်တန်းစာရေး ရာထူးနေရာများ၏ ရေးဖြေစာမေးပွဲအတွက် စာမေးပွဲအချိန်စာရင်း

| | |
|---|---|
| ၃-၇-၂၀၂၁(စနေနေ့) | ၀၉:၀၀ နာရီ မှ ၁၂:၀၀အထိ (မြန်မာစာ၊ အထွေထွေဗဟုသုတနှင့် အင်္ဂလိပ်စာ) |